# ချောအိမာန်
။မန္တလေး။



# ဤရပ်♥န်းတွင် အချစ်ရှိသည်

## ချစ်တတ်တဲ့ စာဖတ်ပရိသတ်ကြီးရေ...

အခုတစ်လော ထွက်နေကြတဲ့စာအုပ်တွေအများကြီးထဲကမှ ဝတ္ထုတိုပေါင်းချုပ် စုစည်းမှု လေးတွေကို ကြည့်ရင် အချစ်နဲ့မကင်းတဲ့ ဘဝ၊ ဘဝနဲ့ ယှက်နွယ်နေတဲ့ နှလုံးသားခံစားမှု ဝတ္ထုတို လေးတွေကို အားရစွာတွေ့ရမှာပါ။ အဲဒီ ဝတ္ထုလေးတွေကို ဖတ်ကြည့်တဲ့အခါ ရသတွေကို ပိုင်ပိုင် နိုင်နိုင် ရေးသားနေကြသူတွေမှာလည်း နှလုံးသားခံစားမှုကို ဖွဲ့တည်တဲ့အခါ အမြင်မတူတဲ့ပုံစံ၊ ခံ စားချက်မျိုးစုံနဲ့ ချစ်ခြင်းတွေဟာ သိမ်မွေ့လှပနေတာကို တွေ့ရတယ်။ ဖတ်လို့လည်း ကောင်းပါ တယ်။

အပြစ်ကင်းတဲ့ ချစ်ခြင်းတရား၊ မေတ္တာတရားကို ပုံဖော်တဲ့နေရာမှာ အမြင်မတူကွဲပြားချက် တွေနဲ့ ရှုထောင့်ပေါင်းစုံကနေ မြင်ရတယ်။ သိမ်မွေ့တယ်၊ လေးနက်တယ်၊ တည်ကြည်တယ်၊ က လေးဆန်တယ်၊ ချစ်စရာကောင်းတယ်။ လွမ်းဆွတ်ရတယ်၊ ကြည်နူးရတယ်၊ နာကျင်ရတယ်၊ ပျော် ရွှင်ရတယ်၊ ခံစားရတယ်..စတဲ့ အသွင်ကွဲတဲ့ ခံစားမှုမျိုးစုံကို တွေ့ရတယ်။

အချစ်ဆိုတာ လောကရဲ့ အမှန်အမှားတွေကြားထဲမှာ ဘဝနဲ့အတူ ဒွန်တွဲ ပါနေတာမို့ ကျွန်မတို့ ရှင်သန်နေထိုင်ရာ ကမ္ဘာလောကကြီးတစ်ခုလုံး သာယာလှပဖို့ ချစ်ခြင်းတွေနဲ့အတူ အ ကောင်းဆုံး ဖန်တီးခဲ့ကြတာပဲ မဟုတ်လား။ ချစ်ခြင်းဆိုတဲ့ လေးနက်တဲ့ ခံစားမှုတွေရှိမှ လောက ကြီးဟာ ပိုပြီး အဓိပ္ပာယ်ရှိမှာပေ့ါ။

အဲဒီ တော့ ချစ်ခြင်းတရားဆိုတာ ဒီကမ္ဘာကြီးမှာ မရှိမဖြစ် လိုအပ်နေတဲ့အရာလို့ ပြောရင် ဘယ်လိုလူက ငြင်းဝံ့မှာလဲ။ လူမှန်ရင် ချစ်ခြင်းတရားနဲ့ ကင်းတဲ့သူ မရှိနိုင်ပါဘူး။

ချစ်ခြင်းကို နားလည်ကြတဲ့သူတိုင်း ချစ်တတ်ကြသူတွေရဲ့ဘဝကို နားလည်ကြပါတယ်။ ဒါကြောင့် စာစကားတွေကတစ်ဆင့် အချစ်နဲ့လွှမ်းခြုံထားတဲ့ဘဝကို ဖန်တီးဖို့ ထုဆစ်ခဲ့ကြသူတွေရဲ့ တစ်ထောင့်တစ်နေရာက ခံစားချက်တွေကို ဝတ္ထုတိုလေးတွေအဖြစ် အသွင်သဏ္ဌာန်မတူ ဖန်တီး ကူးပြောင်းမိတဲ့အခါ စာအုပ်လေးတစ်အုပ်ဖြစ်လာခဲ့တယ်။

ချစ်ခြင်းတရားတွေနဲ့ ပြည့်စုံပြီး

အချစ်ရှိတဲ့ ရပ်ဝန်းတိုင်းဟာ

နွေးထွေးလုံခြုံစေတာမို့

"ဤရပ်ဝန်းတွင် အချစ်ရှိသည်.." ဆိုတဲ့ စာအုပ်လေးကို ချစ်တတ်တဲ့ ပရိသတ်ကြီးအတွက် ကျွန်မရဲ့ "မိုးမာန်စာပေ"ကနေ စတုတ္ထမြောက်စာအုပ်အဖြစ် ဖန်တီးပေးလိုက်ပါတယ်..။

**ချစ်ခြင်းအားဖြင့် -**

**ချောအိမန် ၊ မန္တလေး**

*

နာရီတွေကို ရပ်တန့်ပေးပါ

ချစ်ခြင်းတရားကြောင့် ကြည်နူးခဲ့ရ

ချစ်ခြင်းတရားကြောင့် လောင်မြိုက်ခဲ့ရ

ချစ်ခြင်းတရားကြောင့် အသက်ဓာတ်တွေဆက်ကြ

အဲဒီ ချစ်ခြင်းတရားကြောင့်ပဲ

နှလုံးသားတွေမှာ ဒဏ်ရာရကြ

ဘယ်လိုပဲဖြစ်ဖြစ်

မနက်ဖြန်ကို ကြိုဆိုနိုင်ဖို့

လှပတဲ့ချစ်ခြင်းတရားတွေ

အပြည့်ရှိနေဖို့ လိုအပ်ပါတယ်။

*

အရင်ကလည်း သွားနေကျနေရာ စားနေကျနေရာ လူကုံထံရပ်ကွက်တွေ အပါအဝင် လမ်းဘေးဆိုင်လေး၊ လမ်းဘေးဆိုင်ကြီး၊ ခပ်စုတ်စုတ်စာအုပ်ဆိုင်လေး ထည်ဝါခံ့ညားတဲ့ စာအုပ် ဆိုင်ကြီးတွေ၊ လမ်းကလေး၊ လမ်းချိုးကလေး၊ တောင်တန်းတွေဆီလည်း အတူငေးကြည့်ခဲ့ဖူးပါ တယ်။ ခိုင် ဆိုတဲ့ ကျွန်မနဲ့အတူ လက်ချင်းမတွဲခဲ့သော်လည်း လှေကားထစ်တွေဆီ ခြေလှမ်းတွေ

အတူတက်ခဲ့ဖူးပါတယ်။ ဘုရားပန်းတွေ တစ်နေရာတည်း ကပ်ခဲ့ဖူးသလို၊ ရွှေလည်း တစ်နေရာ တည်း ချခဲ့ဖူးတယ်။ ဓာတ်ပုံတွေ ရိုက်ခဲ့ဖူးကြတယ်။

အနည်းငယ်ရှည်စပြုနေတဲ့ ဆံပင်ခပ်ဝဲဝဲကို လှုပ်ခါသွားအောင် ပြေးလာရင်း ခိုင့် အနားမှာ ထိုးရပ်လိုက်တယ်။ စိတ်တွေ နည်းနည်းမှ မလှုပ်ရှားခဲ့ပါဘူး။ သူဟာ ခိုင့်မမရဲ့ အရင်းနှီးဆုံးသူငယ် ချင်း။ ဒါကြောင့် ခိုင်တို့အိမ်က ဘယ်သွားသွား သူပါခဲ့သလို၊ မမသူငယ်ချင်းတွေစုပြီး ဘယ်သွားသွား ခိုင်ပါခဲ့တယ်။ သူတို့ တစ်အုပ်စုလုံးက မမညီမမို့ ခိုင့်ကို သူတို့ညီမလို၊ သူငယ်ချင်း လို ရင်းနှီးခင်မင်ခဲ့ကြတယ်။ မမပြောပြလို့ စာလည်းတော် သဘောလည်း ကောင်းတဲ့ သူ့ကို ခိုင် လည်း ပြန်ခင်မင်ခဲ့တယ်။

အုပ်စုလိုက်ရိုက်တဲ့ ဓာတ်ပုံတွေထဲမှာ အစွန်ဆုံးက သူ၊ ခိုင့်ဘေးနားက ခပ်ယိမ်းယိမ်း လေး။ အဲဒီ ပုံလေးရိုက်တဲ့အချိန်က ခိုင့်မှာ ရင်ခုန်သံမရှိသလို၊ သူ့စိတ် သူ့ရင်ခုန်သံကိုလည်း ခိုင် နည်းနည်းလေးမှ မသိသလို စိတ်လည်းမဝင်စားခဲ့ပါ။ မမမျက်နှာနဲ့ ခိုင့်ကိုတော့ အလိုလိုက်မှန်း ခိုင်သိခဲ့တယ်။

ရင်းနှီးတဲ့နှစ်တွေကြာလာတော့ သူဟာ မမကို စိတ်ဝင်စားနေပြီလို့ ထင်တယ်။ အဲဒီ လိုပဲ မမဘက်ကလည်း သူ့အပေါ်မှာ ယိမ်းစပြုနေပြီလို့ ခိုင်ထင်တယ်။ သူတို့နှစ်ယောက် ဇာတ်လမ်း ဖြစ်သွားရင်လည်း ခိုင် ကျေနပ်စွာ သဘောတူခဲ့မှာပါပဲ။ သူငယ်ချင်းသံယောဇဉ်တွေကြောင့်လား မသိ၊ သူ မမိကု တရားဝင်ဖွင့်မပြောသေးတာ စိတ်ထဲမှာ အားမလိုအာမးရဖြစ်လာတယ်။

မမရဲ့စိတ်ထဲ မျက်ဝန်းလေးတွေကို မမြင်နိုင်တာလား၊ မြင်လျက်နဲ့ မသိချင်ယောင်ဆောင် နေတာလား၊ အားနာနေတာလား၊ ရှက်နေတာလား ဝေခွဲလို့မရ။

အဝတ်အစားတွေကို သန့်သန့်ရှင်းရှင်းနဲ့ စမတ်ကျကျ ပုံစံတကျလေး ဝတ်စားတတ်တဲ့ သူ့ကို ခိုင် နှစ်သက်တယ်။ ဒါကြောင့် မမနဲ့ ပိုလို့ သဘောတူမိတယ်။

မမနား ရစ်ဝဲနေတဲ့သူတွေ အများစုက တစ်ခုမဟုတ်တစ်ခု လိုနေတာပဲ၊ မလိုက်ဖက်ဘူး။ တစ်လောက မင်္ဂလာဆောင်တစ်ခု သွားတော့ ခိုင်တို့သုံးယောက် သွားကြတယ်။ ကားရှေ့ခန်းမှာ သူက မောင်း၊ မမက ဘေးကထိုင်၊ ခိုင်က နောက်က။ အတူဆင်းပြီးသွားကြတော့ သူတို့နှစ်ယောက်ကို နောက်ကကြည့်ရင်း လိုက်ဖက် လိုက်တာလို့ တွေးမိတယ်။

ခိုင်ကိုယ်တိုင်လည်း နည်းနည်းပြန်အားငယ်မိတယ်။ ခိုင့် "ကို"က မလှဘူးလေ။ မမတို့နှစ် ယောက်ကို တွေ့တဲ့သူတိုင်းက စုံတွဲလို့ ထင်ကြမှာ မလွဲဘူး။ သူက မမ ဘာခိုင်းခိုင်း မငြင်းသလို၊ ခိုင်က ကြားထဲကနေ အဆစ်ခိုင်းရင်လည်း ဘာပဲဖြစ်ဖြစ် ကူညီပေးတယ်။ မမ ဘာပြောပြော "ဟင့်အင်း၊ မဟုတ်ဘူး၊ မလုပ်ဘူး" စတဲ့ အငြင်းဝါကျတွေ တစ်ခါမှ သူ့ဆီက မကြားခဲ့ဖူးဘူး။ သူယူလာတဲ့ အိမ်မှာ လိုအပ်မယ်ထင်တာတွေက အမှန်တကယ် လိုအပ်နေတဲ့အရာတွေပဲ။

မမနဲ့ စိတ်တူကိုယ်တူလေးဖြစ်နေတဲ့ပုံစံတွေကိုက ကြည်နူးစရာ။ ဒါတောင် ချစ်သူအစစ်တွေ ဖြစ်ကြသေးတာမဟုတ်ဘူး။ခိုင့်မှာတော့ ချစ်သူ "ကို" နဲ့ ချစ်သူသက်တမ်း နှစ်နှစ် ရှိတာတောင် စိတ်တူကိုယ်တူ မဖြစ်နိုင်သေး။ ဂရုစိုက်ခံချင်၊ အချစ်ခံချင်တဲ့ ခိုင့်ဆန္ဒနဲ့ ကိုယ့်လူဆန္ဒ နဲ့က အမြဲတမ်းမဟုတ်တောင် အချစ်တော်တော်များများ နေရာများများမှာ လွဲချော်နေတယ်။

ကိုယ့်ချစ်သူနဲ့အတူ Café ဆိုင်ထိုင်နေချိန်မှာ ဂျာနယ်စာမျက်နှာတွေပေါ် အာရုံစိုက်နေတတ်သလို၊ တစ်ခါတစ်ရံ Laptop ဖွင့်ပြီး အလုပ်ကိစ္စတွေလုပ်နေတဲ့သူ။ ခိုင်ကတော့ ဘေးမှာ ကျောက်ရုပ်လိုထိုင်ရင်း အရသာမရှိတဲ့ အအေးတစ်ခွက်နဲ့ အချိန်ကုန်ခဲ့ရတယ်။

ခိုင် မကြိုက်တဲ့ပုံသဏ္ဍာန်တွေ ကိုယ့်လူဆီမှာ တွေ့ရတဲ့အခါ ဝေဝါးစွာ စိတ်ညစ်မိတယ်။ ဖုန်းပြောတိုင်း တစ်ဖက်မှာ အမြဲအရေးကြီးနေတတ်တဲ့သူဟာ ခိုင့်အပေါ် မလေးနက်ခဲ့လို့လား။ သေချာမမြင်ရတဲ့အခါ "မဟုတ်ပါဘူးလေ.." လို့ ကိုယ့်ကိုယ်ကိုယ်နှစ်သိမ့်ရင်းပေါ့..။

ကွန်ပျူတာပညာရှင်ကို ရှုးရှုးမူးမူးဖြစ်ချင်နေတဲ့ ကိုယ့်လူရဲ့ဆန္ဒတွေကို ခိုင် ဘေးကနေ အားပေးခဲ့တယ်။ မသိရင် အသာလေး ရပ်ကြည့်နေခဲ့တယ်။ ကူညီပေးဖို့လည်း မျှော်လင့်ခဲ့တယ်။ စာတော်ခဲ့တဲ့သူတွေရဲ့ သဘာဝ အရ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ် ပြင်းထန်ခဲ့တဲ့ ကိုယ့်လူအတ္တ တွေကို တစ်ခါတလေ ဂုဏ်ယူခဲ့တယ်။

ခိုင်တို့ဟာ လမ်းလေးတစ်လမ်းပေါ်ရှိခဲ့ကြတယ်၊ လျှောက်ခဲ့ကြတယ်၊ တစ်ခါတလေတော့ လည်း လက်တစ်ကမ်းအကွာ၊ တစ်ခါတလေတော့လည်း တစ်မျှော်တစ်ခေါ် ဝေးကွာနေသလို ခံစား ရတယ်။ ခိုင်တို့ကြား အကြည့်ချင်းဆုံလို့ ရင်ခုန်နွေးထွေးခဲ့တယ်ဆိုတာမျိုး ရှိခဲ့သလား။ ခိုင့်စိတ်တွေ ထဲရော ဝင်ကြည့်ဖူးရဲ့လားလို့ ရောက်တတ်ရာရာ တွေးမိတိုင်း ခိုင် အားငယ်သလိုဖြစ်မိပြန်တယ်။

လမ်းလျှောက်တိုင်း ခပ်မြန်မြန်လျှောက်တတ်တဲ့သူနဲ့ ခိုင် ဘယ်တော့မှ သဟဇာတ မဖြစ်ခဲ့။ အဲဒီ လိုလျှောက်ပြီးတိုင်း ခိုင့်ကိုရော တစ်ချက်လောက် ငဲ့ညှာစွာ ပြန်လှည့်ကြည့်ခဲ့သလား။ ဒေါက် မြင့်ဖိနပ်စီးတတ်တဲ့ ခိုင့်ခြေထောက်တွေ ဖိနပ်စီးလို့မရတော့အောင် နီရဲပွန်းပဲ့နေပြီ။ ကိုယ့်လူက တော့ ဦးတည်ရာကို ရောက်ဖို့ သုတ်ခြေတင်နေပြီ။

"ကို တော်တော်နေနိုင်တဲ့လူ..ခိုင့်ခြေထောက် ဒီလောက်နာနေတာ ကို..ဆက်မလျှောက် နိုင်တော့ဘူး..ကားနဲ့ပဲ သွားမယ်"

လို့ ပြောလိုက်မှ ခရီးတစ်ခုကို ချောမွေ့စွာရောက်ခဲ့ရတယ်။ ဖိနပ်အပါးလေးတစ်ရံ ခိုင့် ခြေထောက်မှာ နေရာယူခဲ့တယ်။ ဘဝမှာ အမှတ်တရဆိုတာတွေထက် အဆီအငေါ်မတည့်တာ တွေက လက်တွေ့ကျကျမှာ ခပ်များများ..။

ရင်းနှီးလွယ်တဲ့ သဘာဝ အရတော့ အားလုံးအပေါ်မှာ

လှိုက်လှဲပျူငှာခြင်းတွေ ရှိခဲ့တယ်။ ကိုယ့်လူရဲ့ နွေးထွေးစွာ တုံ့ပြန်မှုတွေက တစ်ခါတလေ ခေါင်းပေါ်တက်နင်းသွားတဲ့လူရှိသလို၊ တစ်ခါတလေ ချဉ်တူးတူး ဖြစ်ခံရတာ တွေရှိရဲ့။ အိပ်မက်မဆန်၊ ကဗျာမဆန်တဲ့ အလှအပတွေ ကြားမှာ ကိုယ့်လူဆီက လိုက်လျောညီထွေ တုံ့ပြန်မှုတွေကိုတော့ ခိုင်က မလိုချင်ဆုံးပဲ။

ခိုင့်ရင်ထဲကအကြောင်း ခိုင့်ကိစ္စတွေကို အလိုက်တသိဖြစ်နေရမှာက တာဝန်၊ ဝတ္တရား မဟုတ်ပါဘူး။ အဲဒီ လို တာဝန်အရဆိုရင်တော့ ခိုင်နဲ့ ဝေးဝေးနေဖို့ အားပေးမိမှာပဲ။

"ကိုယ်ဟာ ခိုင့်ရဲ့ ထာဝရလူပဲ ဖြစ်စေရမယ်..ကိုဟာ ခိုင့်ဘဝတစ်ခုလုံးကို ဖေးမခြင်းနဲ့ပ လက်တွဲသွားမယ်..ခိုင့်ကို ချစ်တယ်" တဲ့။

အမြဲတော့ အဲဒီ လို ကိုယ့်လူနှုတ်ဆက် ပြောတတ်ပါတယ်။ ချစ်တယ်ဆိုတဲ့ စကားလုံးရဲ့ နောက်ကွယ်မှာ နက်ရှိုင်းမှု၊ လေးနက်မှု၊ ပြည့်သိပ်မှု၊ စာနာနားလည် ကြင်နာမှုတွေ တရားဝင် တည်ရှိနေပါတယ်ဆိုတာ စဉ်းစားဖူးရဲ့လား။ အဲဒါတွေကို ခိုင် တကယ်ရခဲ့ဖူးရဲ့လား..။

ခိုင် စဉ်းစားတာကတော့ ချစ်တယ်ဆိုတဲ့ အရာထက် ခိုင်တို့အနာဂတ်.. အဲဒီ အနာဂတ်ကို ခဏမေ့ထားနိုင်ရင်တော့ ပျော်စရာပေါ့။ ချမ်းမြေ့ခြင်း တစ်ခဏပေါ့။ ခိုင့်အနာဂတ်ကို ပွဲကိုင်ရှင်မလို ကိုယ်တိုင်ဖန်တီးဖို့ပဲ စိတ်ကူးမိတယ်။

"ကို..ခိုင်တို့ ရှေ့အနာဂတ်ကို ဆွေးနွေးကြရအောင်လေ.."

လို့ဆိုရင် -

"စိတ်ချပါ ခိုင်ရာ..ကို့ခေါင်းထဲ ရှိပါတယ်"

ဒီလိုနဲ့ လက်ရှိအခြေအနေမှာ ခိုင်မြင်ရတာ တွေ တဖြည်းဖြည်း ဝေဝါးလာခဲ့တယ်။ မမကို ဘာမှမပြောခဲ့။ မမကတော့ မေးနေပြီ။ ခိုင် တစ်ခုခုကို တွေဝေမနေနဲ့ ဆုံးဖြတ်ချက်တစ်ခုတော့ ချရ မယ်နော်တဲ့။ ခိုင် သိပါတယ်။ ခိုင့်ကို

စိတ်ချမ်းသာစေချင်တဲ့ မမဆန္ဒကရော ခံစားနေရလားဆိုတာ ခိုင်သိချင်တယ်။

ခိုင်တို့ညီအစ်မနှစ်ယောက် အချစ်အတွက် ကံမကောင်းခဲ့သူတွေလား။ မဖြစ်နိုင်ပါဘူးလို့ ခေါင်းခါရင်း အခန်းထဲက ထွက်သွားတဲ့ မမရဲ့ကျောပြင်ကို ကြည့်ရင်း စိတ်မကောင်းကြီးစွာဖြစ်ရ တယ်။

*

တစ်ခါတလေ ခိုင့်စိတ်ထက် မမစိတ်ကို ပိုပြီးဦးစားပေး စဉ်းစားနေမိတယ်။ မမက ခိုင့်ကို ငယ်ငယ်လေးကတည်း သိပ်ချစ်တယ်လေ။ ခိုင်တို့မှာ မိဘတွေမှ မရှိတော့တာ။ ကျောခိုင်းသွားတဲ့ မိဘနှစ်ပါးအစား အားကိုး ခိုလှုံရာဟာ ခိုင့်အတွက်တော့ မမရင်ခွင်ပါပဲ။ သတိရလို့ တသိမ့်သိမ့် ငိုရှိုက်မိတိုင်း မမက ခိုင့်ခေါင်းလေးကို အသာပွတ်ပြီး လုံခြုံနွေးထွေးမှု ရရှိစေခဲ့တယ်။ မမကိုယ်တိုင် ကတော့ မျက်ရည်နွေးနွေးတွေကို ခိုင်မသိအောင် လက်ခုံနဲ့ သုပ်ရင်း အသံမထွက်အောင် ရှိုက်ငို နေတယ်ဆိုတာ ခိုင်သိခဲ့တယ်။ ခိုင် အားငယ်မှာ စိုးရွံ့စိတ်နဲ့ မမစိတ်တွေ တင်းကျပ်ခဲ့တယ်။ခိုင့် နောက်ကွယ်ကျမှ မမ မျက်ရည်ကျတယ်။ အရင်တုန်းကတော့ ညီအစ်မနှစ်ယောက်လုံး ကလေးလို ချွဲနွဲ့ခဲ့ကြပေမယ့် မိဘတွေလည်း မရှိရော အကြီးဖြစ်တဲ့ မမပခုံးပေါ် တာဝန်တွေ လုံးဝကျရောက် သွားခဲ့တယ်။ အိမ်ရဲ့ကိစ္စအထွေထွေကို မမကပဲ အားလုံးစီမံရတော့တယ်။ မေမေ ဖေဖေတို့ ထားခဲ့တဲ့ ပစ္စည်းတွေကို ပျောက်ပျက်မသွားအောင် တာဝန်ယူထိန်းသိမ်းရင်း အများနဲ့တန်းတူ တော့ နေနိုင်ခဲ့ပါတယ်။ တစ်ခါတလေ မမ အရမ်းပင်ပန်းတယ်ဆိုတာ သိလာရတဲ့အခါ မမအတွက် အမှန်တကယ်လိုအပ်တဲ့ ဖေးမလက်တွဲမယ့် အဖော်ကောင်းတစ်ယောက် မမနားမှာ ရှိစေချင်ခဲ့ တယ်။ ဒါဆိုရင် မမအတွက် ပျော်ရွှင်ပြီး ကြည်နူးကျေနပ်မိမှာပဲလို့ ခိုင် ယုံကြည်ခဲ့တယ်။

ခိုင်ကတော့ ကိုယ့်ယုံကြည်ချက်နဲ့ လက်တွဲခဲ့တဲ့သူတစ်ယောက်အပေါ်မှာ

သစ္စာရှိချင်ခဲ့ တယ်။ နှစ်ပိုင်းရောက်လာလေ ပိုမိုခိုင်မြဲတဲ့ ကြိုးတွေနဲ့ပဲ ယှက်သန်းချင်ခဲ့တယ်။ ခိုင့်ဘဝ လုံခြုံမှု ထက် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုတွေကို ပိုတောင့်တခဲ့တယ်။ မမဖြည့်ဆည်းပေးခဲ့တဲ့ အရိပ်လေး အောက်မှာ နောက်ထပ် ပိုပြီးကြီးမားကျယ်ပြန့်တဲ့ အရိပ်တစ်ခုလို့ ထပ်မံမျှော်လင့်ခဲ့တယ်။

ချစ်ခြင်းမေတ္တာတရားဆိုတာ သင်ယူစရာမလိုဘဲ အလိုလို တတ်ကျွမ်းနေအောင် သဘာဝ တရားကြီးက အသေအချာ လက်ဆောင်ပေးထားတယ်တဲ့။

အဲဒီ စာသားလေးကို ဘယ်ကရသလဲဆိုတော့ မမ ကဗျာဆရာမဆီကလေ..။ မမက ကဗျာတွေကိုချစ်သူ၊ ကဗျာရေးတတ်သူ၊ ကဗျာဆန်တဲ့အတွေးတွေရှိသူ၊ သူ ကဗျာရေးတာတွေ ဘယ်သူ့ကိုမှ အသိမပေးခဲ့ဘူး။ မဂ္ဂဇင်းစာမျက်နှာတွေပေါ်ပါပြီး FM ကနေ ကဗျာလေးတွေ သူများ ရွတ်ပေးတာကိုလည်း မသိခဲ့ဘူး။ မမရဲ့ပုံကို စာမျက်နှာပြင်ပေါ်လည်း တစ်ခါမှ မတင်ခဲ့ဘူး။

မမက ကဗျာရေးရင် “ရွက်လွှင့်မေ” ဆိုတဲ့နာမည်နဲ့ ရေးတယ်။ မဂ္ဂဇင်း စာမျက်နှာမှာ မကြာခဏတွေ့လို့ ဖတ်ရင်း ဖတ်ရင်း ကဗျာလေးတစ်ပုဒ်ကို စိတ်ထဲ အရမ်းနှစ်သက်မိတယ်။ ခိုင်ကတော့ မရေးတတ်ပေမယ့် ခံစားတတ်ပါတယ်။ ဒါကြောင့် အဲဒီ ကဗျာလေးကို ကူးယူထားရုံ အားမရသေးဘူး ဖြတ်ယူထားလိုက်သေးတယ်။

အဲဒီ ကဗျာလေးရဲ့ ခေါင်းစဉ်က ထိုတစ်နေ့..တဲ့။ ခိုင် အဲဒီ ကဗျာလေးကို ကိုယ့်အခန်းထဲမှာ တစ်ယောက်တည်း ဟန်ကျပန်ကျ ရွတ်နေမိတယ်။

**ထိုတစ်နေ့**

**အလင်းရောင်မရှိ မှောင်မည်းမည်း**

**တစ်ယောက်တည်းပေမယ့်**

အတွေးတွေက မိုးပေါက်ကျသံထက်တောင်

ကျယ်လောင်လွန်းလှတယ်

ထိုတစ်နေ့

ရင်ထဲမှာ ဘာများလွမ်းစရာကျန်သေးလဲလို့

စစ်ထုတ်ကြည့်လိုက်တော့

သူ့အသံကို လွမ်းတယ်

သူ့ရယ်သံကို လွမ်းတယ်

သူ့နှလုံးသားကို လွမ်းတယ်

အကြိမ်အကြိမ် အခါခါ လွမ်းနေရာတော့

နောက်ဆုံး

သူ့အသက်ရှူသံကိုတောင် လွမ်းနေမိတယ်

ထိုတစ်နေ့

ဆွံ့အနေတဲ့ နှုတ်ခမ်းများ

ဒီရေတက်နေတဲ့နှလုံးသားကို

အကြမ်းဖက် တိုက်ခိုက်ခြင်းမပါ

ပွင့်လင်းမှုနဲ့ တိုက်ခိုက်ခြင်းမပါ

ပွင့်လင်းမှုနဲ့ ခမ်းခမ်းနားနား

ကိုယ့်ချစ်ခြင်းကို လက်နက်ချခဲ့ရပါတယ်..

ကြယ်ရောင်တွေ လက်နေတဲ့

ညနေခင်းတစ်ခု

သူ့သတ္တိ ကိုယ့်သတ္တိ အထပ်ထပ်သွေးရင်း

အဖြူထည်လေးကို ထိုင်ကာငေးလို့

ခန်းတွင်းနံရံ

ရေဆေးပန်းချီကားတွေ

အရောင်တွေမှိန်ခဲ့တယ်

ထိုတစ်နေ့

သူရင် ရင်ခုန်သံတွေနဲ့

လောကကြီးကို မေ့သွားအောင်

ရင်ခုန်ပစ်လိုက်ဖို့ဆိုတာ.. ကိုယ့်ရဲ့စိတ်ကူး

ထိုတစ်နေ့..

ဘဝရဲ့ ပျော်ရွှင်မှု

လတ်ဆတ်မှုတွေကို အတိအကျသိခဲ့ရ

မျက်လုံးက

မှောင်ရိပ်ထဲမှာ

ကျင့်သားရနေပြီမို့

သူ့နှလုံးသားရှိတဲ့ နေရာမှာပဲ..

## ခေါင်းအုံးအိပ်စက်မိခဲ့တယ်..။

အဲဒီ ကဗျာရှင် "ရွက်လွှင့်မေ" ရဲ့ အပိုင်းအစတချို့ဟာ ခိုင်ထင်မှတ်ထားတဲ့ မမကြည်မွေ့ သာရဲ့ ကိုယ်ပိုင်အရိပ်တွေဆိုတာ မကြာခင်မှာ အံ့ဩစွာ သိလိုက်ရတယ်။ မမရဲ့ ကဗျာခေါင်းစဉ် လေးလိုပဲ "ထိုတစ်နေ့"က မိုးပူတိုက်ပြီးသား အကျႌတွေ မမအခန်းထဲ လာအထား ပျင်းပျင်းရှိတာနဲ့ မမစာအုပ်စင်ကနေ စာအုပ်တချို့ယူကြည့်မယ်လို့ စိတ်ကူးမိကာမှ မမရဲ့စားပွဲလေးပေါ် ရှုပ်ပွနေ တာကို တွေ့လို့ ရှင်းပေးရင်း စာအုပ်အမည်းလေးတစ်အုပ် စားပွဲကြားကျနေတာမို့ ကောက်ယူလိုက်တယ်။ ဖွင့်လျက်လေးကျနေတဲ့အတွက် ပွင့်လျက်စာမျက်နှာမှာက "ထိုတစ်နေ့" ကဗျာလေး..။ ကဗျာလေးက အကြမ်း ဟိုခြစ် ဒီခြစ်ရေးထားပြီး အချောစာမျက်နှာမှာတော့ အောက်နားက လက်မှတ်နဲ့ နာမည်က ကြည်မွေ့သာ။ ကဗျာဘေး ထောင့်စွန်းလေးမှာက..။

သူ့ကို ချစ်မိသွားတာ သေချာပြီဆိုတဲ့နေ့ တစ်နေ့မှာ ဒီကဗျာလေးကို ရေးဖွဲ့ဖြစ်ပါတယ်တဲ့။

ဒါဆို ရွက်လွှင့်မေ ဆိုတာ မမပေါ့လို့ အံ့ဩစိတ်နဲ့အတူ မမချစ်မိသူဟာ ဘယ်သူများပါလိမ့်လို့ အပြေးအလွှား စဉ်းစားရင်း အဖြေတစ်ခုကို ခိုင်တွေ့ရှိခဲ့တယ်။ ပြီးတော့ ရင်ထဲမှာလည်း လှိုက်ခနဲပဲ ခံစားမိတယ်။ ကိုယ့်မမဟာ စာမျက်နှာပေါင်းများစွာမှာ နေရာရနေတဲ့ ကဗျာဆရာမတစ်ယောက်ပါလားလို့ ဂုဏ်ယူမိတယ်။ မမရဲ့လျှို့ဝှက်မျိုသိပ်နိုင်မှုကို အံ့အားသင့် လွန်းလို့။ နောက်ပြီး မမချစ်တဲ့သူနဲ့ပလည်း လက်တွဲစေချင်မိတယ်။ မိန်းကလေးတစ်ယောက်ရဲ့ ကြိတ်မှိတ်ပြီး ရင်ခုန်ခံစားရတဲ့ အဖြစ်တွေကို ကိုယ်ချင်းစာမိတယ်။ ကိုယ်တိုင်ဖွင့်ဟခွင့်မရှိတဲ့အခါ ပန်းကလေးတွေလို ကိုယ့်ရွှေလိပ်ပြာအလာကို စောင့်ရတာ ရင်မောလှပါတယ်။

*

ခိုင့်ဘဝစာမျက်နှာမှာတော့ မမ မသိနိုင်တဲ့ နွေးထွေးချင်ပာန်ဆောင်တဲ့အပြုံးနဲ့ သူသိပ်ချစ်ပါတယ်ဆိုတာကို ယုံကြည်အောင် သက်သေမပြနိုင်တဲ့ လူသားတစ်ဦးနဲ့ အပြန်အလှန် ချစ်နေကြခြင်းကို နာနာကျင်ကျင် သော့ခတ်သိမ်းဆည်းထားမိတယ်။ ကာလများစွာကြာတဲ့အခါ ခိုင့် ရင်ခုန်သံကို အေးခဲတိတ်ဆိတ်သွားအောင် ကိုယ့်လူကပဲ သင်ကြားပေးခဲ့တာလို့ ထင်တယ်။

ခိုင်တို့ဟာ နီးမလိုလိုနဲ့ သူစိမ်းဆန်တဲ့ ချောက်ကမ်းပါး အစွန်းတစ်ဖက်ဆီမှာ ရပ်ရင်း စိုးရွံ့ စိတ်တွေနဲ့ အောက်ကိုငုံ့ကြည့်မိချိန်မှာ တော်တော်ကြောက်စရာကောင်းခဲ့တယ်။ သေးဖွဲနုံ့နဲ့ခြင်း တွေနဲ့ တအိအိကျုံ့ကျနေသလို ခိုင် ရပ်တည်နေတဲ့ ကန္တာရဟာ ခြောက်သွေ့လာလွန်းလို့ ဘယ်လို ကန္တာရပါလိမ့်လို့ အထိတ်တလန့် ပြန်တွေးမိနေတာ အကြိမ်ကြိမ်ပေ့ါ။

ကိုယ့်လူကို ငါ ချစ်နိုင်ပါတော့မလား..ဆိုတဲ့အတွေးက မကြာခဏ..။

ဒါကြောင့် မမကိုတော့ နှလုံးသားနဲ့ ပတ်သက်ရင် စိတ်ချမ်းသာစေချင်ခဲ့တယ်။ ဒီတော့ မမရဲ့ မျှော်လင့်ခြင်းကို အသက်သွင်းဖို့ ခိုင် ပါဝင်ရတော့မယ်ဆိုတာ သိလာတယ်။

*

ဘဝဆိုတာ ဘောလုံးနည်းပြလို လူတိုင်းကို သူ့ဘောလုံးအသင်းသားအမှတ်နဲ့ ဟိုလူက ဒီမှာနေ၊ ဒီလူက ဟိုမှာနေ၊ ဒီလိုကန်၊ ဟိုလိုပြေး၊ ဟိုလူထွက်၊ ဒီလူအစားထိုးပြီး ပုံသေကားချပ်နဲ့ပ လုပ်ယူလို့မရနိုင်ဘူးဆိုတာ ခိုင် သိခဲ့ရလေ စိတ်ထိခိုက်ရလေပါပဲ။

အထိတ်တလန့်မှ တကယ့်အထိတ်တလန့်ပါပဲ။ မျက်လွှာအဖွင့် ခိုင့်မျက်ရည်အကျမှာ ဝိုးတ ဝါးမြင်ကွင်းတွေနဲ့ ခိုင် ဘာလုပ်ရမှန်း မသိတော့။ အသိစိတ်နဲ့ ကိုယ့်ခန္ဓာ ခေတ္တပြတ်တောက်သွား ချိန်မှာ ခိုင့်ပတ်ဝန်းကျင်တစ်ခုလုံး

မြတ်လေးပန်းရနံ့လိုမျိုး ခပ်မွှေးမွှေးရနံ့တစ်ခု လွှမ်းမိုးထားသလို ခံစားနေရတယ်။ လေညင်းလေး နှာသီးဖျားဆီ ခပ်နွေးနွေး ရိုက်ခတ်သွားချိန်မှာ ထူးခြားလှတဲ့ ဆွဲငင်အားတစ်ခုကြောင့် အာရုံတွေ ဘယ်မှမလွင့်ပျံ့စေဘဲ ပကတိ ငြိမ်သက်နေခဲ့တယ်။

ခြေဖမိုးလေးမှာ ငြင်သာတဲ့အထိအတွေ့လေးတစ်ခု၊ နောက် လက်ဖမိုးလေးပေါ် နူးညံ့တဲ့ တစ်စုံတစ်ရာ ရင်ထဲမှာ ဘယ်တုံးကမှ မဖြစ်ပေါ်တဲ့ ကြည်နူးမှုလေးတစ်ခု လှုပ်ခတ်နေတယ်.. ဟုတ်တယ်။

ဒီလို ရင်ထဲမှာ တသိမ့်သိမ့်ဖြစ်နေတဲ့ ခံစားမှုမျိုးကို ဘယ်တုန်းကမှ ထိတွေ့ခွင့်မရခဲ့ဘူး။ ကိုယ့်ကို လူတစ်ယောက်က မျက်နှာနား အုပ်မိုးကြည့်နေတယ်လို့ ထင်တယ်။ ခိုင် မျက်လုံးတွေ မဖွင့်ချင်၊ ခိုင့်မျက်လုံး၊ နှုတ်ခမ်း၊ ပါးပြင်တွေဆီ လက်ချောင်းလေးတွေ ဆော့ကစားလို့..၊ သူလည်း အသံတွေ တိတ်ဆိတ်နေတယ်။ ဒါပေမဲ့ ခပ်စောစောပိုင်းချိန်တွေတုန်းကတော့ စကားတွေပြောနေ ခဲ့သလိုပဲ။ သူပြောနေတာတွေကို လိုက်ခံစားကြည့်တော့ သစ္စာတရားအကြောင်း၊ လွတ်လပ်ခြင်း တောင်ပံတွေ၊ ချစ်ခြင်း မေတ္တာရဲ့ စီးမျောခြင်းတွေ၊ တိတ်ဆိတ်နေတဲ့ ညရဲ့လရောင်တွေ၊ သံယော ဇဉ်အပိုင်းအစတွေ၊ ကြင်နာနွေးထွေးမှုတွေ၊ အတည်ငြိမ်ဆုံး ရှင်သန်မှုတွေ၊ သိခြင်းတစ်စုံတစ်ရာနဲ့ မသိခြင်းတစ်စုံတစ်ရာတွေ၊ ခိုင်မြဲခြင်းကြိုးတွေ..အများကြီးပါပဲကွယ်...။

နောက် သူဟာ သီချင်းလေးတစ်ပုဒ်နဲ့ ခိုင့်ကို ချော့သိပ်ခဲ့တယ်။ ခိုင်တကယ်ပဲ သူ့ရင်ခွင်မှာ အိပ်ပျော်သွားခဲ့သလားဆိုတာ မသိနိုင်တော့။ အဲဒီ သံစဉ်လေးကို သေချာနားထောင်ပေးပါတဲ့။ သူဟာ ခိုင့် နားရွက်နား တိုးတိုးလေး ကပ်ပြောတယ်။ သီချင်းလေးက ခိုင်နှစ်သက်တဲ့ "မျိုးကြီး" ရဲ့ "လက်ခံပေးပါ"။ သူ့အသံ ကြည်ကြည်လေးကို နားစိုက်ထောင်မိတယ်။

ငါ့ရဲ့စိတ်နဲ့ခန္ဓာ □□ မင်းရဲ့ရှေ့မှောက်ခစား □□ လက်ခံပေးပါ □□ ဒီမှာ ငါကျရှုံးပြီ □□ မင်းခြေအစုံမှာ လက်နက်ချ အရှုံး □□ ငါပေးရင်း ဘဝတစ်ခုလုံး နှင်သိမ်ကာ ယူလိုက်ပါ □□□□

ငါ့ရဲ့ဘဝဟာ ?? နင့်ရဲ့အလိုတော်အတိုင်း ?? ငါ့ရဲ့ ချစ်ခြင်းတွေပြိုလဲ အရှုံးငါပေးနေပြီပဲ ?? ကျေနပ်လို့ သိမ်းပိုက်ပါ ?? ငါ့လက်မှာ ချစ်ခြင်းများ ?? နင်သိမ်းပိုက်လို့ ယူပါ ??

သီချင်းလေးလည်း ပြီးသွားရော ခိုင့်မျက်ဝန်းမှာ မျက်ရည်စတွေ တွဲခိုလာတယ်။ ရင်ထဲမှာ ခံစားရမှုနဲ့အတူ သူ့စကားသံတွေကို မငြင်းပယ်နိုင်မိအောင် အံ့သြစွာ အထပ်ထပ်ကြားယောင်မိ တယ်။

"ကိုယ် ခိုင့်ကို အရမ်းချစ်ခဲ့တာပါ..ခိုင် မသိခဲ့ဘူး မဟုတ်လား..ကိုယ့်ရင်ထဲမှာ အပြည့်ရှိနေ တဲ့ ခိုင့်ကို မဖယ်ထုတ်ခိုင်းပါနဲ့လား ခိုင်ရယ်..ခိုင်ကိုယ့်ကို ပြန်လက်မခံလည်း ကိစ္စမရှိပါဘူး..ကိုယ် ကတော့ ခိုင့်ကိုပဲ ချစ်တယ်..မြတ်နိုးစွာနဲ့ အဝေးကနေပဲ ကြည့်နေခဲ့ရတယ်..ခိုင် စိတ်ညစ်သွားပြီ လား"

အစပထမတော့ ခိုင့်ရဲ့ မျှော်လင့်ခြင်း ဖဲကြိုးတွေ ပြေကျသွားသလို သွားပြီဆိုပြီး ခေါင်းတွေ တောင် တဆစ်ဆစ်ကိုက်လာမိတယ်။ နောက် ခိုင် တစ်စုံတစ်ခုကို သေသေချာချာ ခံစားလိုက်ရ တယ်။ အဲဒီ ခံစားမှုလေး ရင်ထဲကို ရုတ်တရက် စီးမျောသွားသလို ခံစားရချိန်မှာ သူ့အပေါ် မြင်တဲ့ အမြင်တွေ ရုတ်ခြည်းပြောင်းလဲ သွားခဲ့တယ်။ အရင်ခြားနားတဲ့ အိပ်မက်တစ်ခုကို မက်ခွင့်ရသလို ပြောင်းလဲခြင်းဟာ လှပမှုတွေနဲ့ တန်ဆာဆင်ထားတဲ့ ကြိုးကွင်းတော့ မဖြစ်ချင်ခဲ့ဘူး။ ဒါပေမဲ့ ကိုယ့်ခံစားမှုကို သိလိုက်တော့ နောက်ကျသွားပြီဆိုတာ သိလိုက်တယ်။

လိုချင်ခဲ့တာတွေ မထင်မှတ်ထားတဲ့ ထောင့်တစ်ထောင့်မှာ အလန့်တကြား ရှာဖွေတွေ့ရှိ လိုက်သလို ခိုင့်အတွက် ကြည်နူးခြင်းတစ်ဝက်နဲ့ ဝေဒနာမျိုးစေ့တွေ စိုက်ပျိုးရှင်သန်ခဲ့ပြီထင်ပါရဲ့။

*

လိပ်ပြာလုံစွာနဲ့ မမခံစားမှုတွေကို ဥပေက္ခာပြုနိုင်တဲ့ခိုင်ဟာ

ကိုယ့်ကိုယ်ကိုယ် သူရဲကောင်း တစ်ယောက်လို ရှေ့တန်းတက်ခဲ့တယ်။ တစ်ဖက်က ရင်တွင်းကို မြင်လှပြီအထင်နဲ့ မမကိုယ်စား ကျည်အပြည့်နဲ့ပ သူ့ဆီကို လှမ်းခဲ့တယ်။

ခိုင် ပထမဦးဆုံး ဖုန်းဆက်ချိန်းလိုက်တာမို့ သူက အံ့သြနေရဲ့..။

လူသူကင်းတဲ့၊ အေးမြတဲ့ ကော်ဖီဆိုင်ရဲ့ ထောင့်ကျကျစားပွဲလေးမှာ ဘယ်သူရွေးခဲ့တာလဲ။ ခိုင်ပဲ ရွေးခဲ့တာပါ။ ဒီလိုကိစ္စဆိုတာ အခြားလူသူမသိစေချင်ဘူးလေ။ အခန်းလေးတစ်ခုလိုမျိုး ကာ ရံထားတာမို့ ခိုင်တို့ကို ဘယ်သူမှ မမြင်ရဘူး။ စုံတွဲလေးတွေ အများဆုံးလာကြတဲ့ ဒီဆိုင်လေးဟာ ချစ်သူစုံတွဲတွေအတွက် တကယ့်ကို Romantic ပါပဲ။ အဝင်မှာ ခိုင်တို့ကို စုံတွဲလို့ ထင်တော့မှာပဲ လို့ တွေးမိသေးတယ်။

သူကတော့ ဘာတွေပြောမှာလဲ ခိုင် ဆိုတဲ့ အဖြေရှာသလိုမျိုး တွေးနေမှာပါ။ နိုင်ငံခြား မြူးဇစ်သံ ခပ်ပါးပါး၊ အလင်းရောင်မှိန်မှိန်က သူ့မျက်နှာကောက်ကြောင်းတွေပေါ် ကျရောက်နေ တယ်။

ဘယ်ကစပြောရမှန်းမသိတော့..။

“ကိုဆောင်းဆီမှာ ရည်ရွယ်ထားသူရှိလားဟင်”

ခိုင့်ရဲ့ မတင်မကျမေးခွန်းကို အံ့သြပုံနဲ့ သူ မျက်ခုံးတွန့်သွားတယ်။

“ဘာဖြစ်လို့လဲ”

သူ့မေးခွန်းကို ဘာပြန်ဖြေရမှန်းမသိ။

“ဟိုလေ..သူများတွေလို မမြင်မိလို့”

“ခိုင်..တကယ်မသိတာလား”

“ဟင်..ခိုင်စိတ်ထဲ သိပါတယ်..ဒါပေမဲ့ အဲဒီ အသိကြီးက ပွင့်ပွင့်လင်းလင်းမဟုတ်ဘဲ မြုံစိမြုံ စိဖြစ်နေတော့ အူယားလာပြီ..မမက ရက်တတ်တယ်..ကိုဆောင်းလည်း သိမှာပါ”

“ခိုင်..ဘာတွေပြောနေတာလဲ”

“ဩော်..မမနဲ့ ကိုဆောင်း သံယောဇဉ်တွေရှိကြလျက်နဲ့ ဘာဖြစ်လို့ ဟန်ဆောင်နေကြတာ လဲ”

သူက အနည်းငယ်ပြုံးပြီး ကော်ဖီခွက်ကို မွှေတယ်။

“ဒါဆိုရင် ဒေါ်ခိုင်မြဲသာ..ဘာကိုမှ မရိပ်မိတာ သေချာပါပြီ”

“ဘာကိုလဲ..”

“တကယ်တမ်း ကိုယ် အစောကြီးကတည်းက ခံစားပြီးချစ်ခဲ့ရတာ ခိုင့်ကိုပါ..ခိုင်မြဲသာ ဆိုတဲ့ မိန်းကလေးကိုပဲ ချစ်ခဲ့တာပါ”

ပြောရင်း သူ့မျက်ဝန်းတွေ ညိုရီလာတယ်။

တကယ်..အဟုတ်တဲ့။ မယုံကြည်နိုင်လောက်အောင် အံ့ဩလွန်းခဲ့ပါတယ်။ ခိုင် သူ့ကို သံသယတစ်စွန်းတစ်စမှ မရှိခဲ့ပါဘူး။ ခိုင့်ရှေ့မှာပဲ တစ်စုံတစ်ရာတွေ ဖုံးအုပ်နေလို့လား။ ဟန်ဆောင် ကောင်းလွန်းသူရဲ့ ရင်တွင်းစကားကို မှင်သက်ရင်း တိတ်ဆိတ်သွားမိတယ်။

“ခိုင်နဲ့ လက်တွဲမယ့်ချစ်သူကို တွေ့ရှိသွားချိန်မှာ ကိုယ်ဟာ ကျောခိုင်းနေတဲ့ ခိုင့်ကျောပြင် ကိုကြည့်ရင်း ချစ်တဲ့စိတ်တွေကို မျိုသိပ်ခဲ့ရပါတယ်။ တကယ်တော့ ကိုယ်ဟာ ဟန်ဆောင်ကောင်း ချင်လို့ ကောင်းခဲ့တာ မဟုတ်ပါဘူး။ ကိုယ့်ရင်ထဲမှာ ခိုင့်ကို တိတ်တခိုး မြတ်နိုးမိတဲ့အချိန်တွေ ကြာခဲ့ပါပြီ”

“မမကိုချစ်နေတာ မဟုတ်ဖူးလား..ဟင်..”

လို့ မေးတော့ သူက ခေါင်းခါတယ်။

တကယ်တော့ ဒီတိုက်ပွဲမှာ လက်နက်ချခဲ့ရသူက ခိုင်ပါ။ သူပြောခဲ့တဲ့ ခိုင်နဲ့ပတ်သက်တဲ့ အမှတ်တရတွေ၊ အဖြစ်အပျက်တွေဟာ မိန်းမူးဖွယ်ကောင်းသလို ရင်ထဲ သာယာချမ်းမြေ့ခြင်းတစ် ခုကို ခံစားနေရတယ်။ ဘာစကားမှ

မပြောဖြစ်အောင် သူ့ရှေ့မှာ ရပ်နေခဲ့ရသလို သူရှုထုတ်လိုက် တဲ့ လေငွေ့လေးကိုတောင် ခိုင် ခံစားခဲ့ရတယ်။ သူ့ရဲ့ ခပ်စိုက်စိုက်ကြည့်နေတဲ့ မျက်ဝန်းတွေကြား မှာ ခိုင် မယုံကြည်နိုင်လောက်အောင် သတိထားမိတာက သူ့ရဲ့ချစ်ခြင်းတွေပဲ။

ဒါပေမဲ့ ခိုင်..၊ ခိုင့်မှာ တစ်စုံတစ်ယောက်ရှိနေတယ်ဆိုတဲ့ အသိစိတ်နဲ့ သူ ထိန်းချုပ်ခဲ့တယ်။ ခိုင့်ကို ဘယ်တော့မှ မပြောတော့ဘူးလို့ ရည်ရွယ်ခဲ့တဲ့ စကားတွေကိုတော့ ဖွင့်ဟခဲ့တယ်။ မမရဲ့ သံယောဇဉ်ကို သူကိုယ်တိုင်လည်း ရိပ်မိသလို၊ ခံစားချက်အစစ်မပါတဲ့ အရာတစ်ခုကို မဖန်တီးချင် ပါဘူး။ မမစိတ်ချမ်းသာဖို့ တစ်ခဏတာ လိုက်လျောလိုက်မယ်ဆိုရင် ရေရှည်အတွက် မကောင်း ဘူးတဲ့။ ဒါကြောင့် ဒီအတိုင်းလေးပဲ နေပါရစေ ခိုင်..။ စိတ်တော့ မဆိုးပါနဲ့။ ခိုင်သိအောင် ပြောဖြစ် ပြီဆိုတော့ ကိုယ်လည်း ခိုင့်အနီးနားမှာ မနေသင့်တော့ပါဘူးတဲ့။

သူ့ရဲ့ မွေးရပ်မြေကို ပြန်သွားမယ်ဆိုတဲ့ သူ့ဆုံးဖြတ်ချက်ကို ခိုင် လက်မခံနိုင်ခဲ့ဘူး။ မသွား ပါနဲ့။ အဝေးကို ထွက်သွားစရာ မလိုပါဘူး။ ရင်ထဲမှာ ဝမ်းနည်းသွားသလို ခံစားလိုက်ရတယ်။

အိမ်အပြန် မမကို ရင်ဆိုင်ရတိုင်း ခိုင် လိပ်ပြာမလုံချင်တော့ဘူး။ စိတ်ထဲမှာ အရှိကိုအရှိအ တိုင်း အသိစိတ်ကြီးနဲ့ နေထိုင်လိုက်ချင်တော့တယ်။ သူ့အပေါ်မှာ ပြောင်းလဲသွားတဲ့စိတ်ဟာ ဘာ ကြောင့်လဲ။ သူ မမကို ချစ်မနေပါဘူးလို့ သိရတဲ့အချိန်မှာ ခိုင် ဘာလို့ မခံစားခဲ့ရတာ လဲ။ မမသာ သိခဲ့ရင် ဘယ်လို လုပ်မလဲ။ တကယ့်ကို သွယ်ပျောင်းလှပတဲ့ မမအပေါ် သူ ဘာလို့ ခံစားမှုမရှိခဲ့ တာလဲ။ ခြင်က သာမန်ထက် နည်းနည်းပဲ ပိုကြည့်ကောင်းသူတစ်ယောက်ပါ။

ခိုင်..အတွေးတွေများပြီး "ကို့" ကိုတောင် မေ့ချင်တင်တင်ဖြစ်နေခဲ့တယ်။ သူ့ကို ခိုင်ကရော ဘာလို့ ရွေးချယ်ခဲ့တာလဲ။ ခိုင့်ထက် အသက်အများကြီးကြီးပြီး စာနာနားလည်ပေးနိုင်သူတစ် ယောက် ခိုင်လိုချင်တဲ့ ပညာတတ်တစ်ယောက်။

လူဝင်ဆံ့နိုင်တဲ့လူတစ်ယောက်။ နောက် ခိုင့်ကို အလုံးစုံ စိတ်ချမ်းသာမှုပေးနိုင်ပြီး ချစ်တဲ့သူတစ်ယောက်လို့ ခိုင်တွေးတယ်။

အေးစက်စက် မာကျောကျော မညီမညာ လေသံတွေက သေချာယှဉ်စရာတွေ့လာမှ ရိပ်မိ တာမျိုး မဟုတ်လား။ ခိုင်ဟာ ကိုယ့်လူရဲ့ ဘေးမှာရှိခဲ့ပေမယ့် ဂရုစိုက်ခံရမှု နည်းပါးလာတဲ့အခါ ခိုင် အစိမ်းရောင်တွေကို မုန်းလာတယ်။ လိုက်လျောညီထွေခြင်းရှိတဲ့ ခြေလှမ်းတွေကို တစ်စုံတစ်ဦးက ရပ်ဖို့ဟန့်တားခြင်း မပြုတာတောင် ခိုင့်လက်ရှိနေရာမှာတင် ရပ်တန့်ဖို့ စိတ်ကူးလိုက်တယ်။

ဘဝမှာ သီအိုရီတွေ၊ စံတွေရဲ့ကြားမှာ မနေနိုင်တဲ့ ခိုင့်ကို သီအိုရီတွေ စာအုပ်တွေအတိုင်း သွားဖို့ လမ်းညွှန်ချင်တဲ့ ကိုယ့်လူကို နားလည်မပေးနိုင်တော့တာ ခိုင် စိတ်ရိုင်းဝင်တာ မဟုတ်ပါ ဘူး။

ခိုင် လျှောက်ခဲ့တဲ့လမ်း၊ ခိုင်တစ်ယောက်တည်းလည်း ဆက်လျှောက်နိုင်တာမို့ အပြီးသတ် လမ်းခွဲခြင်းကို ခိုင့်ဘက်ကပဲ စတင်ခဲ့ပါတယ်။ ဒါကို ဘယ်သူက အပြစ်တင်မလဲ။

မမရဲ့ချစ်သူတော့ မဟုတ်ပေမယ့် မမချစ်နေသူတစ်ယောက် ခိုင့်ကို မြတ်နိုးသူတစ်ယောက် ကို ခိုင် မချစ်သင့်ဘူးလားဟင်..၊ မချစ်ရဘူးလားလို့ အခါခါမေးမိတိုင်း..။

*

သဘာဝ အရ ကိုယ့်ထက် အသက်ကြီးသူတွေဟာ ငယ်သူတွေထက် အကွက်ကြိုမြင်တယ်၊ မြင်တတ်တယ်ဆိုတာကို ခိုင် လက်ခံမိလိုက်တဲ့အချိန်မှာ မမဟာ များစွာ ရင့်ကျက်သူတစ်ယောက် ဖြစ်ပြီး လေးစားဖို့လည်း ကောင်းခဲ့တယ်။

မမကို ငဲ့ညှာစိတ်နဲ့ ရှေ့မတိုးခဲ့ချင်ပေမယ့် တိုးခဲ့သလိုပဲ။မမကတော့ ခိုင့်ကို ငဲ့ညှာစိတ်နဲ့ ရှောင်ခဲ့တယ်။ ခိုင်က ကိုယ့်လူကို ကျောခိုင်းလိုက်တာကို

မမသိတော့ ဝမ်းသာခဲ့တယ်။ ကိုဓာဆင်း ခိုင့်ကို သဘောကျနေခဲ့တယ်ဆိုတာကို အရိပ်အမြွက် မမက ပြောလာတယ်။ မမခံစားမှုကို မျိုသိပ် ရင်း ခိုင့် အတွက်ဆိုတာတွေက..။ခုချိန်ထိ ခိုင်ဟာ မမအပေါ် မတရားတုန်းပဲလား။

ခိုင်လေ ဆယ်ကျော်သက်ဘဝလေးကိုပဲ ပြန်ရောက်ချင်တယ်။ အဲဒီ တုန်းက အချိန်တွေ နာရီတွေကို ရပ်တန့်ပေးထားရင် သိပ်ကောင်းမှာပဲ..။

*

ချစ်သူကိုပြောချင်တဲ့စကားတွေ အများကြီးရှိတယ်

နာရီတွေကို ဖြစ်နိုင်ရင် ရပ်တန့်ပေးပါ ချစ်သူ..

စိတ်တွေ တောင်ပံတပ်ပြီး ကောင်းကင်ကို လွတ်လပ်စွာ မော့ကြည့်ခွင့်ပေးပါ

အနောက်ဘက်ပင်လယ်က တိုက်ခတ်လာတဲ့ လေညင်းအေးလေးကို အတူတူ ရှူရှိုက်ခွင့် ပေးပါ

မိုးဦးကျရာသီတစ်ခုမှာ ချစ်သူရေးထိုးခဲ့တဲ့ အမှတ်အသားဟာ

ဒြပ်မဲ့ပန်းချီကားတစ်ချပ် ရေးခြစ်ထားခဲ့သလို

ဘာမှမမြင်ရ၊ သေချာသိမှ သေချာကြည့်မှ မြင်ခဲ့ရ

မသိမှုတွေကို အံတုပြီး မသွားချင်

သိမှုတစ်ခုနဲ့ပဲ ဘဝရဲ့အချိန်တွေကို ကုန်ဆုံးဖြတ်သန်းချင်ပါတယ်

ချစ်သူရှိတယ်ဆိုတဲ့ အသိစိတ်က

မိုင်ထောင်ချီသွားရပါစေ..ကောင်းကင်ကြီးက ခွန်အားနဲ့ သတ္တိတွေ ပေးခဲ့တယ်

ချစ်သူက ဟင့်အင်းနဲ့ အငြင်းဝါကျတွေ ဘယ်တော့မှ မမွေးဖွားခဲ့

လိုက်နာဖို့၊ ဆန္ဒရှိဖို့ သူ ဦးညွှတ်မိတယ်

ကြည်ပြာရောင်ဖန်ခွက်လေး နှစ်ခု ထိစပ်မှုက အရှုံးအမြတ်တွေကို သန့်စင်ပေးထားတယ်

မျှော်လင့်ခြင်းဟာ တကယ်တော့ အသက်ရှူကျပ်စေပါတယ်

ယုံကြည်ခြင်းနဲ့ပ တွဲဖက်တဲ့ မျှော်လင့်ခြင်းကတော့ နားခိုဖို့ ကောင်းခဲ့တယ်

အဲဒီ မျှော်လင့်ခြင်းဟာ အသက်ကို ရှူလို့ ကောင်းစေခဲ့တယ်

ချစ်သူနဲ့ စာမျက်နှာသစ်ရဲ့ စာရွက်တိုင်းမှာ

အံ့သြစရာ၊ ငေးမောစရာတွေနဲ့ ပြည့်နှက်လာတယ်

လုံခြုံရာရင်ခွင်တစ်ခုမှာ မေးစက်မိတိုင်း အားလုံးကို မေ့ထားလို့ ရခဲ့ပါတယ် ချစ်သူ..

ကြားဖူးနေကျစကားတွေတော့ ဖြစ်ပေမယ့် ခံစားမှုမတူတဲ့အခါ အေးမြမှုကို ပိုစေခဲ့ပါတယ်

အလွမ်းတွေ သတင်းတွေကို ဘာသာပြန်ဖို့ မလိုသလို နာကျင်စရာဆိုတာ ပလာစတာနဲ့ပ ဖုံးအုပ်ကပ်ထားလို့မှ မရတာ

ချစ်သူချင်း ဖြားယောင်းတဲ့အတတ်ပညာကို မတတ်မြောက်ခြင်းကပဲ အမှန်တရားအတွက် အချစ်နဲ့ အတ္တ ရောမွှေထားတာ မဟုတ်ဘူးလို့ ထင်တယ်

သေချာတာကတော့ ရင်ထဲက ကိုယ်ပိုင်ခံစားချက်တွေကို မျှော်လင့်ခြင်းနဲ့ ကြည်နူးပျော်ရွှင် စွာ ဖမ်းဆုပ်နိုင်ဖို့ အတူတူကြိုးစားခဲ့ကြပါတယ် ကြည်နူးပျော်ရွှင်မှုတွေကို အတူတူမျှဝေခံစားဖို့ နာရီတွေကို ရပ်တန့်ပေးပါ ချစ်သူ..။

*

ချစ်ခြင်းတရားကြောင့် ဒီကမ္ဘာကြီးထဲက လူသားတွေမှာ ခံစားချက်တွေ မျိုးစုံပေါက်ပွားလာ ကြတယ်။

ဘယ်လိုပဲဖြစ်ဖြစ် မနက်ဖြန်ကို ကြိုဆိုဖို့ လှပတဲ့ချစ်ခြင်းတရားတွေ အပြည့်ရှိနေဖို့ လိုအပ် ပါတယ်။

*